# တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့။

လွိုင်လင်လေးမြို့နယ်၊ တီးလုံအုပ်စု၊ ကွန်နားကျေးရွာနှင့် ဒေါတပေါးကျေးရွာအနီးတွင် ထိုးစစ်ဆင်လာသော အကြမ်းဖက်စစ်ကောင်စီများကို ကရင်နီတပ်မတော် (KA) နှင့် KNDF တို့မှ ခုခံတိုက်ခိုက်ခဲ့သဖြင့် နှစ်ဖက်ထိတွေ့တိုက်ပွဲများ (၄)ကြိမ်ဖြစ်ပွားခဲ့ပါသည်။

ကွန်နားကျေးရွာ၊ နောင်လုံရေကန်အနီး မနက် (၈း၀၀) နာရီတွင်တစ်ကြိမ်၊ ဒေါတပေါးကျေးရွာအနီး နေ့လည်နှင့် ညနေပိုင်းတို့တွင်သုံးကြိမ် နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်များဘက်မှ ကျဆုံးမှုများရှိခဲ့သော်လည်း အရေအတွက် ကို အတည်မပြုနိုင်သေးပါ။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီ တပ်များထံမှ လက်နက်ခဲယမ်းအချို့ကို သိမ်းဆည်းရမိခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များ၏ လက်နက်ကြီးများဖြင့် အဆက်မပြတ် ရမ်းသမ်းပစ်ခတ်မှုကြောင့် ကွန်နားကျေးရွာရှိ နေအိမ်များပျက်စီးခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် အင်အား (၃၀၀) ကျော်ဖြင့် လွိုင်ကော်မြို့နယ်၊ တီးလုံကျေးရွာအုပ်စုရှိ ကျေးရွာဘက်သို့ ထိုးစစ်ဆင်လျက်ရှိသောကြောင့် ကျေးရွာနေပြည်သူများ စစ်ဘေးလွတ်ရာသို့ ထွက်ပြေးသိမ်းရှောင်နေရပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေး